**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက် ( ၁၈ / ၂၀၂၂)**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)**

## တရားမဝင်စစ်အုပ်စုနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသည့် ခရိုနီများအပေါ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂမှ အသစ်ထပ်မံတိုးမြှင့် ချမှတ်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများနှင့် ဆက်နွယ်သည့် ကြေညာချက်

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ နိုဝင်ဘာ ၈ ရက် ၂၀၂၂ တွင် တရားမဝင် စစ်အုပ်စုနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ခရိုနီများကို စီးပွားရေးပိတ်ဆို့မှု အသစ်များ ထပ်မံတိုးမြှင့်ဆောင်ရွက်ခဲ့မှုအပေါ် အမျိုးသားညီညွတ်ရေးအစိုးရမှ လှိုက်လှဲစွာကြိုဆိုပါသည်။

ယခုအချိန်သည် နိုဝင်ဘာ ၈ ရက် ၂၀၂၀ နေ့က ကျင်းပခဲ့သည့် အများစုက လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုလက်ခံခဲ့ကြသည့် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၏ ၂ နှစ်ပြည့် အချိန်ကာလလည်းဖြစ်ပါသည်။ ယခု ထပ်မံတိုးမြှင့်သည့် အရေးယူ ဆောင်ရွက်မှုများသည် မြန်မာပြည်သူများနှင့် မြန်မာပြည်သူများအား တရားဝင်အသိအမှတ် ပြုနိုင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ အပေါ် ထောက်ခံအားပေးကြောင်း သတင်းစကားပါး လိုက်ခြင်းလည်းဖြစ်ပါသည်။ တဖက်တွင်လည်း စစ်ရာဇဝတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်အုပ်စုအားလည်း သတိပေးလိုက်ခြင်းလည်းဖြစ်ပါသည်။

ဥရောပသမဂ္ဂ၏ ထပ်မံတိုးမြှင့်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများသည် လူပုဂ္ဂိုလ် ၁၉ ဦးနှင့် စစ်အုပ်စုနှင့် ဆက်နွယ်နေသည့်အဖွဲ့အစည်းတခုကို အရေးယူလိုက်ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ၅ ကြိမ်မြောက် ထပ်လောင်း အရေးယူခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ယခုအကြိမ် အရေးယူမှုသည် စစ်အုပ်စု၏ စစ်လေယာဉ်နှင့် ဆက်စပ်အစိတ်အပိုင်းများ ဝယ်ယူထောက်ပံ့နေ

သူများကို ဦးတည်အရေးယူခြင်း ဖြစ်သည်။ အဆိုပါအရေးယူမှုသည် အောက်တိုဘာ ၂၃ ရက် ၂၀၂၂ ခုနှစ်က အကြမ်းဖက် စစ်အုပ်စုက ကချင်တိုင်းရင်းသားတို့၏ ဖျော်ဖြေရေးအခမ်းအနားတခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး လူပေါင်း တရာခန့် ထိခိုက်သေဆုံးခဲ့ရသော အကြမ်းဖက်ဖြစ်စဉ် နောက်ပိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်သူများ အရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ ဦးစီး ဦးဆောင်ပြု၍ ဆောင်ရွက်နေမှုများကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရမှ ကျေးဇူးတင်ရှိအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ